# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၅) ၂၀၂၄ ခုနှစ် ဧပြီလ ၁၂ ရက်


**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့်အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ။ | ၂-၄ |
| ၂။ | တရုတ်နိုင်ငံ၏ တရားရုံးဖွဲ့စည်းမှုများအပေါ် လေ့လာတင်ပြခြင်း။ | ၅-၇ |
| ၃။ | စင်ကာပူနိုင်ငံ၏ အယူခံတရားရုံးမှအသက်(၄)နှစ်အရွယ်ရှိမယားပါသမီးအား သတ်ခဲ့သောအမျိုးသားတစ်ဦးအား အပြင်းအထန်နာကျင်စေမှုမှလူသတ်မှုသို့ ပြောင်းလဲ၍ထောင်ဒဏ်ချမှတ်ခြင်း။ | ၈-၉ |
| ၄။ | အကူအညီဖြင့်အဆုံးစီရင်ခြင်းကို တရားဝင်စေမည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်သစ်သမ္မတက ကြေညာခြင်း။ | ၁၀-၁၁ |

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ နိုင်ငံခြားရေးရာမူဝါဒကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စီးပွားရေးရာကော်မတီပြင်ဆင်ဖွဲ့စည်းခြင်းတို့အတွက်အမိန့်ကြော်ငြာစာ(၇)ခု၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကထုတ်ပြန်သည့် တရားမမှုလမှု သို့မဟုတ် မူလမှုခင်းများကိုစီရင်ရန် စီရင်ပိုင်ခွင့်အာဏာများကိုအပ်နှင်းခြင်းအမိန့်ကြော်ငြာစာ (၁)ခု၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်သည့် မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ နှစ်ပေါင်း ၁၀၀နှင့်အထက်သက်တမ်းရှိသည့်အဆောက်အအုံများကို ရှေးဟောင်းအဆောက်အအုံများအဖြစ် သတ်မှတ်ခြင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရှေးဟောင်းကျောင်းတော်ကြီးကိုရှေးဟောင်းအဆောက်အအုံအဖြစ်သတ်မှတ်ခြင်းတို့အတွက် အမိန့်ကြော်ငြာစာ(၅)ခု၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည့် မြန်မာ့ကမ်းရိုးတန်းသွားရေယာဉ်များတွင် အနည်းဆုံးတာဝန်ထမ်းဆောင်ရမည့် ရေယာဉ်ဝန်ထမ်းအရေအတွက် သတ်မှတ်ခြင်းဆိုင်ရာအမိန့်ကြော်ငြာစာ (၁)ခု၊ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ ဟင်းသီးဟင်းရွက်ဆီများကို ရောနှောဆီ (Blended Oil)အဖြစ် ရောစပ်ရာတွင် အရည်အသွေးအာမခံချက်နှင့်အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာသတ်မှတ်သည့်အမိန့်စာ(၁)စောင်တို့ကို အများပြည်သူများလွယ်လင့်တကူ ကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က (၂၉.၃.၂၀၂၄) ရက်နေ့တွင် အမိန့်စာ အမှတ် (၂/၂၀၂၄) ဖြင့် ဟင်းသီးဟင်းရွက်ဆီများကို ရောနှောဆီ (**Blended Oil)** အဖြစ် ရောစပ်ရာတွင် အရည်အသွေးအာမခံချက်နှင့် အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာအမိန့်စာကို ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါအမိန့်စာ၌ ဟင်းသီးဟင်းရွက်ဆီများကို ရောနှောဆီ (Blended Oil) အဖြစ် ရောစပ်ရာတွင် အမျိုးအစားနှစ်မျိုးသာ ရောစပ်ရမည်ဟုပြဋ္ဌာန်းထားကာ ထိုသို့ရောစပ်ရာတွင် ဟင်းသီးဟင်းရွက်ဆီတစ်မျိုးသည် အနည်းဆုံး ၄၀ ရာခိုင်နှုန်းဖြစ်ရမည်ဖြစ်ပြီး မည်သည့်အနံ့မျှ ထည့်သွင်းခြင်းမပြုရကြောင်း၊ တိရစ္ဆာန်အဆီနှင့် ဝါစေ့ဆီကြမ်းတို့ကို ရောနှောဆီအဖြစ် အသုံးမပြုရကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် အသင့်ထုပ်ပိုးထားသော **ရောနှောဆီ** (Blended oil) ကို အမှတ်တံဆိပ်ကပ်ရာတွင် မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့၏ ၂၀-၁-၂၀၂၂ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် ၈/၂၀၂၂ ဖြင့်ထုတ်ပြန်ခဲ့သည့် အသင့်ထုပ်ပိုးထားသောအစားအသောက်များ အမှတ်တံဆိပ်ကပ်ခြင်းဆိုင်ရာအမိန့်ပါဖော်ပြချက်များကို လိုက်နာရမည့်အပြင် ရာခိုင်နှုန်းများသည့် ဆီအမျိုးအမည်ကို ဦးစားပေး ဖော်ပြရမည်ဖြစ်ကြောင်း၊ (ဥပမာ- စားအုန်းဆီနှင့် မြေပဲဆီရောနှောရာတွင် စားအုန်းဆီ ၆၀ ရာခိုင်နှုန်းဖြစ်ပါက စားအုန်းရောနှောဆီ သို့မဟုတ် စားအုန်းမြေပဲ ရောနှောဆီဟု ဖော်ပြရမည်။ ရာခိုင်နှုန်းတူဖြစ်ပါက နှစ်သက်ရာကို ဦးစားပေးဖော်ပြနိုင်သည်။) ရှေ့မြင်ကွင်း မျက်နှာပြင်ပေါ်ရှိ “**ရောနှောဆီ**”ဆိုသည့် အစားအသောက် အမျိုးအမည်ကိုဖော်ပြရာ၌ စာလုံးအရွယ်အစားသည် တစ်လီတာဆံ့ ထုပ်ပိုးပစ္စည်းတွင် မြန်မာအက္ခရာ “ဝ” (ဝလုံး) စာလုံးအရွယ် အနည်းဆုံး ၆ မီလီမီတာရှိရမည်ဖြစ်ပြီး ယင်းကို အခြေခံ၍ထုပ်ပိုးပစ္စည်းအရွယ်အစားနှင့် လိုက်လျောညီထွေစွာ ဖော်ပြရမည်ဖြစ်ကြောင်း၊ ရှေ့မြင်ကွင်း မျက်နှာပြင်ပေါ်ရှိ“ရောနှောဆီ”ဆိုသည့် အစားအသောက်အမျိုးအမည်ကို ဖော်ပြထားသော စာလုံး၏အရောင်သည် မြင်သာသည့်နောက်ခံတွင် ဖတ်ရလွယ်ကူစေရန်ကွဲပြားစွာဖော်ပြရမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဤအမိန့်ကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ စံမညီအစားအသောက်ကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းပြုပါက အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၈ ပုဒ်မခွဲ (က)အရ အရေးယူခြင်းခံရမည်ဟု သိရှိရပါသည်။

e- Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

## တရုတ်နိုင်ငံ၏ တရားရုံးဖွဲ့စည်းမှုများအပေါ် လေ့လာတင်ပြခြင်း

တရုတ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့တရားရုံးများ (People's Courts) သည် စီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့အစည်းများ၊ အများပြည်သူဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် လူပုဂ္ဂိုလ် တစ်ဦးဦးက ဝင်ရောက်စွက်ဖက်မှုကို လိုက်နာရန် လိုအပ်ခြင်းမရှိဘဲ တရားစီရင်ရေးအာဏာကို လွတ်လပ်စွာသုံးစွဲခွင့်ရှိကြောင်း တွေ့ရှိရပါသည်။ ပြည်သူ့တရားရုံးများသည် ရာဇဝတ်မှု၊ တရားမမှု နှင့်ရေကြောင်းဆိုင်ရာအမှုကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာအငြင်းပွားသည့် အမှုများကို စစ်ဆေးစီရင်ကြောင်းတွေ့ရှိရပါသည်။ တရုတ်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့တရားရုံးများဖွဲ့စည်းခြင်း ဥပဒေအရ ပြည်သူ့တရားရုံးများသည် နိုင်ငံ၏အဓိကကျသော တရားစီရင်ရေးဆိုင်ရာအဖွဲ့အစည်း တစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပြည်သူ့တရားရုံးများစနစ်တွင် အမြင့်ဆုံးတရားရုံး (Supreme People's Courts)၊ ဒေသဆိုင်ရာပြည်သူ့တရားရုံးများ(Local People's Courts)နှင့် အထူးပြည်သူ့တရားရုံး(Special People's Courts)တို့ပါဝင်ပြီး Supreme People's Court သည် နိုင်ငံ၏အမြင့်ဆုံး တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် ဒေသဆိုင်ရာ ပြည်သူ့တရားရုံးများတွင် အဆင့်မြင့်ပြည်သူ့တရားရုံး(High People's Courts)၊ အလယ်အလတ်အဆင့်တရားရုံး (Intermediate People's Courts) နှင့် မူလတရားရုံး (Primary People's Courts) တို့ပါဝင်ကြောင်း တွေ့ရှိရပါသည်။.

Supreme People's Court သည် လက်အောက်ခံတရားရုံး၏စီရင်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊ ဥပဒေနှင့်စာချွန်တော်အသုံးပြုခြင်းဆိုင်ရာ ကိစ္စရပ်များအပေါ် စည်းနှောင်မှုရှိသော အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်များ ထုတ်ပြန်ခြင်း၊ အမျိုးသားလုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် ဟောင်ကောင်ရုံးမှပေးပို့သည့် အမှုများကို ကြားနာခြင်း၊ ဆန္ဒပြခြင်းဆိုင်ရာအမှုများအပေါ် ပြန်လည်သုံးသပ်ခြင်း၊သေဒဏ်အမိန့်ချမှတ်ခြင်းတို့ကို ဆောင်ရွက်ကြောင်းတွေ့ရှိရသည့်အပြင် လက်အောက်ခံ

တရားရုံးနှင့် အထူးတရားရုံးများ၏ တရားမျှတမှုဆိုင်ရာ စီမံခန့်ခွဲမှုအားလုံးကို ကြီးကြပ်ပေးပြီး မြေယာဆိုင်ရာမူလအယူခံမှုများကို စီရင်ဆုံးဖြတ်ပေးကြောင်း တွေ့ရှိရပါသည်။

အဆင့်မြင့်ပြည်သူ့ တရားရုံးများသည် ပြည်နယ်အသီးသီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသီးသီးနှင့် ဘေကျင်း၊ရှန်ဟိုင်း၊တီယန်ကျင်းနှင့်ချုံကျင်းစသည့်မြို့တို့တွင် ဖွင့်လှစ်ထားပြီး ဥပဒေ အရစီရင်ပိုင်ခွင့်ရှိသောမူလမှုများ၊ လက်အောက်ခံတရားရုံးများမှချမှတ်သည့်စီရင်ချက်နှင့် အမိန့်များ အပေါ်အယူခံမှုများ၊ တရားစီရင်ရေးဆိုင်ရာစီမံကြီးကြပ်မှုနှင့်အညီဆန္ဒပြသည့်အမှုများ၊လက်အောက်ခံ တရားရုံးများမှ လွှဲပြောင်းပေးပို့သည့်အမှုများကို စစ်ဆေးစီရင်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

အလယ်အလတ်အဆင့် ပြည်သူ့တရားရုံးများတွင် တရားမရေးရာ၊ ရာဇဝတ်ရေးရာနှင့် စီးပွားရေးရာဌာနများဖြင့် ဖွဲ့စည်းထားကြောင်း တွေ့ရှိရပါသည်။ အလယ်အလတ်အဆင့်ပြည်သူ့ တရားရုံးများသည် ဥပဒေအရပေးအပ်ထားသည့်မူလမှုများ၊ မူလပြည်သူ့တရားရုံးမှ လွှဲပြောင်းပေးပို့ သည့်အမှုများ၊ မူလတရားရုံး၏စီရင်ချက်နှင့်အမိန့်အပေါ် အယူခံမှုများကိုစစ်ဆေးစီရင်ပြီး အမှုကိစ္စ များသည် အဆင့်မြင့်တရားရုံးမှ စစ်ဆေးစီရင်သင့်သည်ဟုယူဆသည့်အခါ အဆင့်မြင့်ပြည်သူ့တရားရုံး သို့စစ်ဆေးစီရင်ရန် အမှုတွဲလွှဲပြောင်းနိုင်ကြောင်း တွေ့ရှိရပါသည်။

မူလတရားရုံးသည် ဥပဒေအရစီရင်ပိုင်ခွင့်ရှိသော တရားမမှုနှင့်မူလမှုများကို စစ်ဆေးစီရင်ရပြီး အဆိုပါအမှုများတွင် အဆင့်မြင့်တရားရုံးက စစ်ဆေးစီရင်သင့်သည်ဟု ယူဆပါက တစ်ဆင့်မြင့် တရားရုံးသို့ အမှုတွဲလွှဲပြောင်း ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။ မူလတရားရုံးသည် အဆိုပါ အမှုများစစ်ဆေးခြင်းအပြင် စစ်ဆေးစီရင်ရန် လိုအပ်ခြင်းမရှိသည့် သေးငယ်သည့် ရာဇဝတ်မှုများနှင့် တရားမအငြင်းပွားမှုများကို ဖြေရှင်းပေးခြင်း၊ ပြည်သူ့ညှိနှိုင်းဖြန်ဖြေရေးကော်မတီ၏လုပ်ငန်းများကို လမ်းညွှန်ခြင်းတို့ကိုလည်း ဆောင်ရွက်ကြောင်း တွေ့ရှိရပါသည်။

အဆိုပါတရားရုံးများအပြင် အထူးပြည်သူ့တရားရုံးများအဖြစ် စစ်တရားရုံး၊ တရုတ်နိုင်ငံ၏ မီးရထားပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးတရားရုံး၊ အင်တာနက်တရားရုံး၊ အသိဉာဏ်ပစ္စည်း

ဆိုင်ရာတရားရုံးနှင့် ငွေကြေးဆိုင်ရာတရားရုံးများလည်း ဖွဲ့စည်းထားပြီး စစ်တရားရုံးမှတစ်ပါး အထူးတရားစီရင်ရေးဆိုင်ရာ တရားရုံးများအားလုံးတို့သည် အမြင့်ဆုံးတရားရုံးအသီးသီး၏တရားစီရင်ပိုင်ခွင့်အတွင်းသာရှိကြောင်း တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

https://www.ojp.gov/ncjrs/virtual-library/abstracts/peoples-courts-peoples-republic-china

http://www.lawinfochina.com:83/legal/Display_1.asp

https://olemiss.edu/courses/pol324/chnjudic.htm

## စင်ကာပူနိုင်ငံ၏ အယူခံတရားရုံးမှ အသက်(၄)နှစ်အရွယ်ရှိ မယားပါသမီးအား သတ်ခဲ့သော အမျိုးသားတစ်ဦးအား အပြင်းအထန်နာကျင်စေမှုမှ လူသတ်မှုသို့ ပြောင်းလဲ၍ထောင်ဒဏ်ချမှတ်ခြင်း

အသက်(၃၁)နှစ်အရွယ်ရှိ Mahammad Salihin Ismail ဆိုသူ အမျိုးသားသည် ၎င်း၏ အသက်(၄)နှစ်အရွယ် မယားပါသမီး Sabrina အား သန့်စင်ခန်းအတွင်းရှိ Toilet Bowl ၏ ပြင်ပတွင် ဆီးသွားခဲ့သည့်အတွက် ကလေးငယ်၏ဝမ်းဗိုက်အား ဒေါသတကြီးခြေထောက်ဖြင့် ကန်ခဲ့ရာတွင် ပြင်းထန်သည့် ဝမ်းဗိုက်အတွင်းပိုင်းသွေးယိုစီးခြင်းဖြစ်ပွားခဲ့ပြီး သေဆုံးစေမှုအတွက် စင်ကာပူနိုင်ငံ၏ ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၂)အရ အနိမ့်ဆုံးပြစ်ဒဏ် ထောင်ဒဏ်တစ်သက်နှင့် ကြိမ်ဒဏ်(၁၂)ချက် ကျခံစေရန် အယူခံတရားရုံး(Court Appeal)မှ ၂-၄-၂၀၂၄ရက်နေ့တွင် ပြစ်ဒဏ်စီရင်ချမှတ်ခဲ့ပါသည်။

Salihin သည် သေဆုံးသူမိန်းကလေးငယ် Sabrina ၏ မိခင်အရင်းဖြစ်သူ Syabilla Syamein Riyadi နှင့် ၂၀၁၆ ခုနှစ်တွင်လက်ထပ်ခဲ့ပြီး အမွှာသားငယ်(၂)ယောက်ထွန်းကားခဲ့သည်။ ၁-၉-၂၀၁၈ ရက်နေ့က Sabrina ၏မိခင်သည် အလုပ်သို့ထွက်ခွာသွားချိန်နေအိမ်တွင် Sabrina နှင့် ပထွေးဖြစ်သူ Salihin ကျန်ရစ်ခဲ့သည်။ Salihin သည် မိန်းကလေးငယ် Sabrina မှ Toilet Bowl ၏ ပြင်ပတွင် ဆီးသွားထားကြောင်းတွေ့ရ၍ ဒေါသထွက်ခဲ့ပြီး Sabrina အား Toilet Bowl ပေါ်သို့တင်ကာ လက်သီးဖြင့် ဝမ်းဗိုက်အားတွန်းထိန်းကာ တင်ထားခဲ့သည်။ ထိုနေ့ နေ့ခင်းပိုင်းတွင် Sabrina မှ ထပ်မံ၍ ကြမ်းပြင်ပေါ်တွင် ဆီးသွားထားကြောင်းတွေ့ရသည့်အတွက် ဒေါသထွက်ကာ ကလေးငယ်၏ဝမ်းဗိုက်အား ခြေထောက်ဖြင့်(၂)ကြိမ် အင်အားအသုံးပြုကာကန်ခဲ့သဖြင့် Sabrina သည် စတင် ရှိုက်ငိုလျက်ကြမ်းပြင်ပေါ်တွင် ခွေနေခဲ့သည်။ Sabrina သည် ဝမ်းဗိုက်အကန်ခံခဲ့ရသည့် ဝေဒနာဖြင့် တစ်ညလုံး အော့အန်ဝေဒနာခံစားခဲ့ရသည်။ Salihin မှ ၎င်းကျူးလွန်ပြုလုပ်မှုကြောင့် ကလေးငယ်တွင် ယခုကဲ့သို့ဖြစ်ပွားကြောင်း သံသယဖြစ်မိသော်လည်း ဇနီးသည်အား အမှန်အတိုင်းမပြောခဲ့ဘဲ ဆေးဘက်အကူသာခေါ်ရန် ပြောခဲ့သည်။ ၂-၉-၂၀၁၈ ရက်နေ့ နံနက် ၁၀:၀၀နာရီအချိန်တွင် ဆေးရုံမှ Sabrina သေဆုံးကြောင်းကြေညာခဲ့သည်။ မှုခင်းဆရာဝန် Dr.Gilbert Lau မှ အလောင်းခွဲစိတ်စစ်ဆေးမှုရလဒ်အရ Sabrina သည်တုံး၍ အားပါသည့်ဒဏ်ရာအနာတရ (Blunt Force Trauma) ကြောင့် ဝမ်းဗိုက်အတွင်းသွေးယိုစီးမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဝမ်းဗိုက်အတွင်း တွေ့ရှိခဲ့သည့် သွေး

ပမာဏ(၃၀၀)မီလီလီတာသည် ဆေးပညာရှုထောင့်အရ သေစေနိုင်လောက်သော ခန္ဓာကိုယ်၏သွေး ၃၀ % ဆုံးရှုံးထားခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

၁-၃-၂၀၂၂ ရက်နေ့တွင် Salihin ၏ အမှုအား ကြားနာသော အမှုစစ်တရားသူကြီး Pang Khang Chau မှ Salihin အနေဖြင့် မိန်းကလေးငယ်အပေါ် တမင်တကာ ရည်ရွယ်ချက်ရှိရှိ အနာတရဖြစ်စေခဲ့ခြင်းမတွေ့ရ၍ ရာဇသတ်ကြီးပုဒ်မ ၃၀၀(ဂ)၏ အင်္ဂါရပ်များနှင့် ညီညွတ်မှုမရှိကြောင်းသုံးသပ်ကာ လူသတ်မှုမှတရားသေလွှတ်ခဲ့ပြီး ပို၍လျော့ပေါ့သော မိမိအလိုအလျောက် အပြင်းအထန်နာကျင်စေမှုဖြင့် စွဲချက်တင်ခဲ့သည်။ ၉-၅-၂၀၂၂ရက်နေ့တွင် အမှုစစ်တရားသူကြီးမှ Salihin ပေါ် ထောင်ဒဏ်(၉)နှစ်နှင့် ကြိမ်ဒဏ်(၁၂)ချက် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အစိုးရရှေ့နေအဖွဲ့မှ Salihin အား လူသတ်မှုမှ တရားရှင်လွှတ်ခြင်းအတွက် အယူခံမှု တင်သွင်းခဲ့သည်။ Chief Justic Sundaresh Menon ခေါင်းဆောင်သည့် သုံးပါးထိုင်တရားသူကြီးအဖွဲ့မှ Salihin သည် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂) အရ လူသတ်မှုဖြင့် ပြစ်ဒဏ်စီရင်ခြင်းခံရသင့်ကြောင်း ဆုံးဖြတ်ကာ လူသတ်မှုတွင် ချမှတ်ရမည့် အနည်းဆုံးပြစ်ဒဏ် ထောင်ဒဏ် တစ်သက်သို့ ပြောင်းလဲချမှတ်ခဲ့ပြီး ကြိမ်ဒဏ်(၁၂)ချက်ကိုလည်း အတည်ပြုခဲ့သည်။ သုံးပါးထိုင်တရားသူကြီးအဖွဲ့မှ အောက်ရုံးတရားသူကြီးသည် ဥပဒေအားအသုံးချလိုက်နာရာတွင် မှားယွင်းခဲ့ကြောင်း၊ ဥပဒေအရတရားခံ၏ပြုမှုဆောင်ရွက်ချက်များသည် ဆေးပညာဆိုင်ရာ နောက်ဆက်တွဲအကျိုးဆက်များကို ဖြစ်စေရန် ကြံရွယ်ချက် ရှိ မရှိ သက်သေပြရန်မလိုအပ်ကြောင်း၊ မိန်းကလေးငယ်အား ကြမ်းပြင်ပေါ်တွင်ဆီးသွားခဲ့သည့်အတွက် သင်ခန်းစာပေးရန်ရည်ရွယ်ချက်ရှိရှိ ဝမ်းဗိုက်အား အားဖြင့်ကန်ခဲ့ခြင်းသည် သေစေရန်လုံလောက်ကြောင်း သုံးသပ်ပြီး အယူခံတရားရုံးမှ တရားခံအား လူသတ်မှုဖြင့် ပြောင်းလဲပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်များ : https://str.sg/ojdPc>.
- en.wikipedia.org>.

## အကူအညီဖြင့် အဆုံးစီရင်ခြင်းကို တရားဝင်စေမည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်သစ်သမ္မတက ကြေညာခြင်း

ပြင်သစ်သမ္မတ Emmanuel Macron သည် ပြင်သစ်နိုင်ငံတွင် ပြဋ္ဌာန်းမည့် အကူအညီဖြင့် အဆုံးစီရင်နိုင်သည့် ဘဝ၏နိဂုံး (end – of – life) ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၂၀၂၄ ခုနှစ်၊ မတ်လ ဒုတိယပတ်၌ ကြေညာခဲ့ပါသည်။

ယင်းဥပဒေကြမ်းတွင် ပြုစုစောင့်ရှောက်မှုထောက်ပံ့ပေးခြင်း၊ လူနာနှင့် လူနာပြုစုသူတို့၏ အခွင့်အရေးများနှင့် အကူအညီဖြင့် သေဆုံးခြင်းဟူ၍ အပိုင်းသုံးပိုင်း ပါဝင်ကြောင်း၊ အဆုံးစီရင်ခြင်းကို အကူညီပေးရာ၌ နောက်ဆုံးအဆင့်ရောက်ရှိနေသော မကျန်းမာသည့် ကလေးများမှအပ ဥပဒေအရ အသက်ပြည့်ပြီးသူ၊ အယ်လ်ဇိုင်းမားကဲ့သို့သော အာရုံကြောဆိုင်ရာ ယိုယွင်းမှု သို့မဟုတ် စိတ်ရောဂါနှင့်ဆိုင်သော ရောဂါရှိသူများမဟုတ်သည့် ချင့်ချိန်နိုင်စွမ်းရည်ပြည့်ဝစွာရှိသူ နှင့် ကာလတို သို့မဟုတ် ကာလရှည်ကြာစွာ ကုသ၍မရနိုင်သော နာမကျန်းမှုနှင့် ယင်းအား ထိန်းချုပ်နိုင်သည့် အလားအလာမရှိသူတို့ကိုသာ ကူညီရန်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

အထက်ပါစံနှုန်းများနှင့် ကိုက်ညီမှု ရှိ မရှိကို ဆရာဝန်များနှင့် ဖွဲ့စည်းထားသည့်အဖွဲ့က ၁၅ ရက်အတွင်း ဆုံးဖြတ်ရမည်ဖြစ်ပြီး အဆုံးစီရင်လိုသော လူနာသည် ၎င်းဆုံးဖြတ်ချက်အား မကျေနပ်ပါက ဆေးဘက်ဆိုင်ရာအခြားအဖွဲ့ထံသို့ ဒုတိယအကြိမ်တင်ပြခြင်းကိုသော်လည်းကောင်း၊ တရားစွဲဆိုခြင်းကိုသော်လည်းကောင်း ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သတ်မှတ်စည်းကမ်းချက်များအားလုံးနှင့် ကိုက်ညီသည့်အပြင် လူနာသည် သတိကောင်းစွာ ရှိနေပါက ၎င်းအနေဖြင့် သေစေနိုင်သောဆေးဝါးအကူအညီ (Lethal Medication)ရယူ၍ ၎င်း၏ လွတ်လပ်သောဆန္ဒအလျောက်အဆုံးစီရင်နိုင်မည်ဖြစ်သော်လည်း အကယ်၍လူနာသည်ယင်းသေစေနိုင်သည့် ဆေးဝါးဒဏ်ခံယူနိုင်သည့်အနေအထားမရှိပါက ၎င်း၏ဆွေမျိုး သို့မဟုတ် လူနာအားပြုစုသူ သို့မဟုတ် ဆရာဝန် သို့မဟုတ် သူနာပြုတို့၏ အကူအညီဖြင့် ညင်သာစွာ ဇီဝိန်ချွေပေးရန် စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် လူနာခံစားရသောဝေဒနာများ သက်သောင့်သက်သာဖြစ်စေမည့် ဂရုစိုက်ပြုစုမှုအတွက် လတ်တလောသုံးစွဲနေသော ယူရို ၁.၆ ဘီလီယံအပြင် လာမည့် ၁၀ နှစ်ကာလအတွက် ထပ်မံ၍ ယူရို ၁ ဘီလီယံသုံးစွဲရန် လျာထားကြောင်း ဖော်ပြထားပါသည်။

ပြင်သစ်နိုင်ငံ၌ လက်ရှိကျင့်သုံးနေသော ဥပဒေမူဘောင်သည် နောက်ဆုံးအဆင့်ရောက်နေသည့် လူနာများကို စိတ်ငြိမ်ဆေးပေးခြင်းမျိုးသာ ခွင့်ပြုထားပြီး ယင်းသည် လူသားဆန်ပြီး ညှဉ်းပန်းရာမရောက်သည့်အခြေအနေကိုဦးတည်ရန်ပျက်ကွက်မှုဖြစ်ပေါ်စေကြောင်း၊နောက်ဆက်တွဲအနေဖြင့် ယင်းသို့သော လူနာအချို့သည် ၎င်းတို့၏ ဇီဝိန်အား ညင်သာစွာ ချွေပေးနိုင်ရေးအတွက် နိုင်ငံရပ်ခြားသို့ မဖြစ်မနေသွားရောက်ရကြောင်း၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ လူဇင်ဘတ်၊ စပိန်နှင့် ပေါ်တူဂီကဲ့သို့သော ဥရောပနိုင်ငံများတွင် အကူအညီဖြင့်အဆုံးစီရင်ခြင်းနှင့် ညင်သာစွာဇီဝိန်ချွေခြင်းတို့ကို တရားဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်သစ်နိုင်ငံတွင် ပြဋ္ဌာန်းမည့် ယခုဥပဒေကြမ်းသည် လူသားဆန်မှုနှင့်သဟာယစိတ်ဓာတ်ကို အမှန်အကန် ပြောင်းလဲမှုဖြစ်ပေါ်စေမည်ဟု ယုံကြည်ကြောင်းနှင့်လူတစ်ဦးချင်းစီသည် ဂုဏ်သိက္ခာရှိစွာ သေဆုံးရန်အတွက် အခွင့်အရေးရှိရမည်ဖြစ်ကြောင်း သမ္မတမက်ခရွန်က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ

ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

Source: PHUSADEE ARUNMAS, How the Red Sea attacks affect the shipping, Bangkok Post,19 JAN 2024, available at www.bangkokpost.com .

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၂) အမှတ် (၁၅) ၂၀၂၄ ခုနှစ် ဧပြီလ ၁၂ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

